**‘How to Make our Cities Liveable?’**

*Highlight Quotes from DVB Debate Season 3 Episode 4*

*16th August 2014*

---

မလေးရှားမှာ မြို့ပြဖွံ့ဖြိုးရေးလုပ်ဖို့ ပညာရှင်လူဦးရေ ၂၅၀၀ ကျော်ရှိတယ်။
မြန်မာပြည်လူဦးရေ သန်း၆၀ကျော်အတွက် ပညာရှင်က ၂၀ကျော်ပဲရှိတယ်။ ကျမတို့ မှာ
capacityလုံလောက်မှုမရှိဖြစ်နေတယ်။
ဒေါ်မီမီတင် - ညွှန်မှူး (စီမံ+ရေသန့်ဌာန)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

“In Malaysia, there are over 2,500 housing development experts but in Burma we only have 20 for 60 million people. We lack the capacity.”
**Mie Mie Tin – Director, Department of Human Settlements and Housing Development, Ministry of Construction**

---

တာဝန်ရှိသူတွေတော်တော်များများ မြို့နယ်တွေမှာ တိုက်တခုဆောက်မယ်ဆိုရင်
စစ်ဆေးခြင်းမရှိဘူး၊ ဆောက်ခွင့်ပြုလိုက်တာပဲ။ ဆောက်နေတုန်း မြေအက်သွားတာ၊
တုန်ခါတာတွေရှိလဲ ဘယ်သူမှဘာမှမစစ်ဆေးဘူး၊ ဆက်ဆောက်တာပဲ။
ဦးမြင့်သန်း  - အလုံမြို့နယ်အုပ်ချုပ်ရေးမှူးဟောင်း

“Whenever new housing is developed, the inspectors don’t check the development thoroughly. They just let them develop the project. Even when there are lots of bad effects on nearby housing due to the vibration from the project, no one stops them and they just continue their work.”
**Myint Than – Retired Local Authority (Ahlone Township)**

---

တိုက်ဆောက်တော့မယ်ဆိုရင် မစစ်ဆေးဘူးတော့ မဟုတ်ဘူး။ ဒါပေမယ့်
ကြီးကြပ်စစ်ဆေးမှုအပိုင်းက တာဝန်ရှိသူတွေထဲမှာက corruption ရှိနေတာကိုး။
ဦးမြင့်မိုရ်ဆွေ
ဒုညွှန်မှူး(အငြိမ်းစား)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

“No , whenever new housing is developed, we do inspect it. But corruption exists among the inspectors who have the real responsibility.”
**Myint Moh Swe – Retired Deputy Director (Housing Planning Study), Ministry of Construction**

---

---

မြို့ပြတခုနေချင်စဖွယ်ဆိုရာမှာ စိတ်ပျော်ရွှင်ဖွယ်ရာလဲဖြစ်နေဖို့လိုတယ်။ အခုက
ပြည်သူက ပိတ်မိသလိုဖြစ်နေတယ်။ ကားတွေကကျပ်၊ မြေဈေးတွေ အိမ်ဈေးတွေကမြင့်၊
လမ်းတွေကရေတက်နဲ့ နေပျော်စရာမဖြစ်ဘဲ ထွက်ပြေးချင်စိတ်တွေဖြစ်နေတာပေါ့။
ဦးမြင့်မိုရ်ဆွေ
ဒုညွှန်မှူး(အငြိမ်းစား)၊ မြို့ရွာနင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

“To be a good city to live in, a city needs to be a happy place to live in. But now, people feel they are trapped, because of traffic jams, the high price of land and apartments, and flooding. It is because of these reasons, we want to run away instead of living in the city.”
**Myint Moh Swe – Retired Deputy Director(Housing Planning Study), Ministry of Construction**

---

ကျူးကျော်နဲ့အိုးအိမ်မဲ့ကိစ္စက
မြန်မာပြည်အတွက်အရေးကြီးဆုံးဖြေရှင်းရမှာ.အိမ်တွေဆောက်ဖြေရှင်းလဲဖြစ်မှာမဟုတ်ဘူ
း။ မြို့ပြလူဦးရေဖြန့်ဖြူးမှုမူဝါဒရှိရမယ်။ ရန်ကုန်မှာချည်း ဖွံ့ဖြိုးရေးလုပ်မနေဘဲ
တခြားမြို့တွေမှာ လူဦးရေဖြန့်ဖို့နဲ့ အလုပ်အကိုင်ရှိတွေရအောင်လည်း ဖန်တီးပေးရမယ်။
ဒေါက်တာကျော်လတ်(မြို့ပြစီမံကိန်းပညာရှင်)

“The squatters and homelessness problems are major issues for Myanmar. We need a systematic allocation policy for people in urban Areas. We also shouldn’t only develop Yangon. We need to people to relocate in other places in the country and we need to create job prospects for them.”
**Dr Kyaw Latt – Urban Project Expert, Adviser for Yangon City Development Committee**

---

မြို့ပြဖွံ့ဖြိုးရေး အစီအမံတွေချမှတ်တဲ့အခါမှာ လဂကဘက်ကနေလဲ တိကျတဲ့ လူဦးရေ
အရေအတွက်တွေကောက်ပေးဖို့လိုတယ်။ ဒါမှ လိုအပ်တဲ့ အခြေခံအဆောက်အဦတွေ
တိုးချဲ့ပေးနိုင်မယ်။ လူဦးရေများလာတာနဲ့အတူ ဆောက်လုပ်သင့်တာတွေ၊
ချဲ့သင့်တာတွေ ချဲ့ရမယ်။
ဦးသက်ထွန်းဝင်း
တနင်္သာရီတိုင်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီး(အငြိမ်းစား)၊ နယ်စပ်စည်ပင်

“When making urban development policy, the local authorities need to collect data regarding the exact population so that we can increase the required infrastructure. As the population increases we have to increase the things we need to do at the same time.”
**Thet Tun Win – Retired Chief Engineer of Tanintharyi Region, Ministry for Progress of Border Areas and National Races and Development Affairs**

---